**<u>MPT Club 11.11 မိတ်ဖက်ပရိုမိုးရှင်း အစီအစဥ်အတွက် စည်းကမ်းချက်များ</u>**

MPT Club 11.11 မိတ်ဖက်ပရိုမိုးရှင်း အစီအစဥ် (“**ပရိုမိုးရှင်းအစီအစဥ်**”) တွင် ပါဝင်ဆောင် ရွက်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ယခုစာမျက်နှာတွင် ရှင်းလင်းဖော်ပြထားပါသည်။ ဤပရိုမိုးရှင်း အစီအစဥ်ကို အောက်တွင် ဖော်ပြထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (“**MPT**”, “**ကျွန်ုပ်တို့မှ**” ၊ “**ကျွန်ုပ်တို့ကို**” ၊ “**ကျွန်ုပ်တို့၏**”) မှ ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများမှတဆင့် ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဤပရိုမိုးရှင်းအစီအစဥ်တွင်ပါဝင်ခြင်းအားဖြင့် ဤစည်းကမ်းချက်များနှင့်တကွ သက်ဆိုင်ရာစည်းမျဥ်းများ၊ မူဝါဒ များနှင့် ဆက်နွယ်လျှက်ရှိသည့်စည်းကမ်းချက်များ (စုပေါင်း၍ “**စည်းကမ်းချက်များ**”) အား လူကြီးမင်းအနေဖြင့် ဖတ်ရှုနားလည် သဘောတူလက်ခံပြီးဖြစ်ကြောင်း ဖော်ညွှန်းသက်ရောက်စေမည်ဖြစ်ပါသည်။

ဤစည်းကမ်းချက်များအား အချိန်မရွေး ပြင်ဆင်သွားမည်ဖြစ်ပါသည်။ စည်းကမ်းချက်များအား ပြင်ဆင်ပြီးနောက် လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်းအစီအစဥ်တွင် ဆက်လက်ပါဝင်ဆောင်ရွက်ခြင်းသည် ပြင်ဆင်ပြီးဖြစ်သည့် စည်းကမ်းချက်များအား လက်ခံလိုက်နာခြင်းအဖြစ် အဓိပ္ပာယ်သက်ရောက်မှုရှိမည်ဖြစ်သည်။

## ၁။ ပရိုမိုးရှင်းအစီအစဥ်

၁.၁။ ဤစည်းကမ်းချက်များတွင် လူကြီးမင်းအား အတိအလင်း ပေးအပ်ထားခြင်းမရှိသည့် အခွင့်အရေးများ အားလုံးကို ကျွန်ုပ်တို့ (သို့မဟုတ်) ကျွန်ုပ်တို့ လိုင်စင်ရသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့် အရေးရရှိထားသူများ (သို့မဟုတ်) အခြားသောဝန်ဆောင်မှုပေးသူများမှ သီးသန့်ထိန်းသိမ်းထားရှိပါသည်။ လူကြီးမင်းအနေဖြင့် ဤစည်းကမ်းချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသည့် အတိုင်းအတာအထိ သာလျှင် ဤပရိုမိုးရှင်းအစီအစဥ်၌ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခြားသောအသုံးပြုမှုများအားလုံးကို အတိအလင်း တားမြစ်ထားမည်ဖြစ်ပါသည်။

၁.၂။ MPT အနေဖြင့် ဤပရိုမိုးရှင်းအစီအစဥ်၌ လူကြီးမင်း၏ ပါဝင်ဆောင်ရွက်ခြင်း (သို့မဟုတ်) ဝင်ရောက် အသုံးပြုခြင်းအား ခွင့်ပြုပေးရန် အမြဲတစေ (သို့မဟုတ်) ခေတ္တယာယီ သဘောမျိုးဖြင့် ရပ်ဆိုင်းခြင်း (သို့မဟုတ်) ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ငြင်းဆန်ခြင်းတို့အား MPT ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စာဖြင့်ရေးသား အသိပေး အကြောင်းကြားခြင်းမရှိဘဲနှင့်သော်လည်းကောင်း၊ အကြောင်းပြချက်တစ်စုံတစ်ရာပေးရန် တာဝန်မရှိဘဲနှင့်သော် လည်းကောင်း ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် လူကြီးမင်းသည် ဤပရိုမိုးရှင်း အစီအစဥ်တွင်ပါရှိသော ကျန်ရှိသည့်စည်းကမ်းများအား လိုက်နာရန်လိုအပ်သည့် အတိုင်းအတာအထိ ဤစည်းကမ်းချက်များနှင့် ဆက်လက်အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။

၁.၃။ ဤပရိုမိုးရှင်းအစီအစဥ်၌ လူကြီးမင်း၏ ပါဝင်ဆောင်ရွက်ခြင်းသည် အစီအစဥ်တကျဖြစ်သည့်/ အစီအစဥ် တကျမဖြစ်သည့် ဝန်ဆောင်မှုကြားဖြတ်ဆောင်ရွက်ခြင်းတို့နှင့် ကြုံတွေ့နိုင်ရဖွယ်ရှိပါသည်။ ဤပရိုမိုးရှင်းနှင့် စပ်လျဥ်း၍ အစီအစဥ်တကျဖြစ်သည့် (သို့မဟုတ်) အစီအစဥ်တကျမဟုတ်သည့် ကြားဖြတ်နှောင့်ယှက်ခြင်း၊ လိုင်းကျခြင်း (သို့မဟုတ်) ဝင်ရောက်၍မရခြင်းတို့ဖြစ်ပေါ်ခဲ့ပါက အဆိုပါ ဖြစ်စဥ်တို့နှင့်စပ်လျဥ်းပြီး

လူကြီးမင်းအပေါ် တွင်သော်လည်းကောင်း၊ အခြားသောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးအပေါ် တွင်သော်လည်းကောင်း MPT အနေဖြင့် တာဝန်တစ်စုံတစ်ရာတင်ရှိမည်မဟုတ်သည်ကို လူကြီးမင်းအနေဖြင့် သဘောတူလက်ခံရမည် ဖြစ်ပါသည်။

၁.၄။ ဤပရိုမိုးရှင်းအစီအစဥ်အား လူကြီးမင်းမှ အသုံးပြုမှု (သို့မဟုတ်) အလွဲသုံးစားပြုမှု၊ အခြားအသုံးပြုသူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ (သို့မဟုတ်) ဤပရိုမိုးရှင်းအစီအစဥ်နှင့်စပ်လျဥ်းသည့် လူကြီးမင်း၏ အခြားသော ပြုလုပ်မှုများ (သို့မဟုတ်) ပျက်ကွက်မှုများအတွက် MPT တွင် မည်သည့်တာဝန်မျှရှိမည်မဟုတ်ပါ။

## ၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အခွင့်အရေးများ

အခြားသောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးမှ အခြားနည်းအားဖြင့် သင့်လျော်စွာဆောင်ရွက်သည့်အခါမှတပါး ဤပရိုမိုးရှင်းအစီအစဥ်နှင့်သက်ဆိုင်သော ဆော့ဝဲလ်၊ ပုံစံ၊ စာသား၊ ဂရပ်ဖစ်၊ သာခကေများ၊ တံဆိပ်များ၊ တီထွင်မှု မူပိုင့်ခွင်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှုအမှတ် အသားများ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံဖိုင်၊ ဗွီဒီယိုများ၊ သီချင်းနှင့် ပါဝင်သည့်အကြောင်းအရာ (စုပေါင်း၍ “**ပါဝင်သည့်အရာ**”) အပါအဝင် MPT ၏ ပိုင်ဆိုင်မှု နှင့်ပတ်သက်သည့် အရာများအားလုံးနှင့် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသည့် အသိဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေး များအားလုံးတို့သည် MPT နှင့် MPT ၏ လိုင်စင်ရသူများ၊ ထောက်ပံ့ပေးသူများ၊ ထုတ်ဝေဖြန့်ချိသူများ၊ အခွင့်အရေး ရရှိထားသူများ (သို့မဟုတ်) အခြားသော ဝန်ဆောင်မှုပေးသူများ၏ သီးသန့်ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ပါသည်။ ဤစည်းကမ်းချက်များတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပါက စည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် ကမျှ အဆိုပါအသိဉာဏပစ္စည်းဆိုင်ရာ ပိုင်ဆိုင်မှုအခွင့်အရေးများနှင့်စပ်လျဥ်း၍ လိုင်စင်ချပေးခြင်း (သို့မဟုတ်) အခွင့်အရေးတစ်ခုခုဖန်တီးပေးခြင်းရှိသည်ဟု မှတ်ယူခြင်းမရှိစေရ။ လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်းအစီအစဥ် တွင် အသုံးပြု၍ရနိုင်သည့် အရာများ (သို့မဟုတ်) ပါဝင်သည့်အရာ တို့အား ရောင်းချခြင်း၊ လိုင်စင်ပေးခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ မိတ္တူကူးယူခြင်း၊ ပြန်လည်ပွားယူခြင်း၊ ဆင့်ပွားထုတ်လုပ်ခြင်း၊ တဆင့်ထုတ်လွှင့်ခြင်း၊ အများရှေ့တွင် ပြသခြင်း၊ အများရှေ့တွင် တင်ဆက်ခြင်း၊ ထုတ်ဝေခြင်း၊ ပုံတူကူးခြင်း၊ ပြုပြင်ခြင်း (သို့မဟုတ်) တဆင့်ကူးယူဖန်တီးခြင်းစသည်တို့အား မပြုလုပ်ရန် သဘောတူညီရမည်ဖြစ်ပါသည်။ ဤစည်းကမ်းချက်များအရ အတိအလင်းခွင့်ပြုထားခြင်းမရှိသည့် အခြားရည်ရွယ်ချက်များအတွက် ပါဝင်သည့် အရာအား အသုံးပြုခြင်းကို တင်းကြပ်စွာတားမြစ်ထားပါသည်။

## ၃။ ပရိုမိုးရှင်းအစီအစဥ် သက်တမ်းကာလ

၃.၁။ ဤပရိုမိုးရှင်းအစီအစဥ်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့ မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့ (“**ပရိုမိုးရှင်းအစီအစဥ်သက်တမ်းကာလ**”) အထိ ပြုလုပ်သွားမည်ဖြစ်ပါသည်။

## ၄။ ပါဝင်နိုင်မည့်သူများ

၄.၁။ MPT Club ပွိုင့် အနည်းဆုံး (၁၁) ပွိုင့်ရှိသည့် MPT Club အဖွဲ့ဝင်များအားလုံးအနေဖြင့် ဤပရိုမိုးရှင်းအစီအစဥ်တွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။

## ၅။ ဘယ်လိုပါဝင်ဆောင်ရွက်နိုင်မလဲ

၅.၁။ ဤပရိုမိုးရှင်းအစီအစဥ်တွင် ပါဝင်နိုင်ရန်အတွက် ပါဝင်လုပ်ဆောင်လိုသူများအနေဖြင့် အောက်ပါလိုအပ်ချက်များနှင့်ပြည့်စုံရန် လိုအပ်ပါသည်။

၅.၁.၁။ MPT Club ပွိုင့် အနည်းဆုံး (၁၁) ပွိုင့်ရှိသည့် MPT Club အဖွဲ့ဝင်တစ်ဦးဖြစ်ရမည်။

၅.၁.၂။ MPT4U App အား အသုံးပြု၍ ယခုပရိုမိုးရှင်းအစီအစဥ်တွင်ပါဝင်သော MPT Club ၏ မိတ်ဖက်ဆိုင်များ ("**MPT Club မိတ်ဖက်ဆိုင်များ**") ထံမှ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုကို ရယူနိုင်ရန်အတွက် MPT Club (၁၁) ပွိုင့် ဖြင့် လဲလှယ်ခုနှိမ်မှုပြုလုပ်ရမည်။

၅.၁.၃။ အထက်ပါကဲ့သို့ လဲလှယ်ခုနှိမ်ယူလိုက်သည်နှင့်တစ်ပြိုက် MPT Club မိတ်ဖက်ဆိုင်တစ်ဆိုင်ဆိုင်ထံမှ သက်ဆိုင်ရာကုန်ပစ္စည်းတစ်ခုခု (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုအတွက် လဲလှယ်အောင်မြင်ကြောင်း အကြောင်းကြားစာလက်ခံရရှိမှု စာတိုပြေစာ ("**စာတိုပြေစာ**") အားလက်ခံရရှိမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် MPT4U App ရှိ "Active" ထဲတွင် သက်ဆိုင်ရာမိတ်ဖက်အတွက် လဲလှယ်ခုနှိမ်ရယူထားသည့် လဲလှယ်အောင်မြင်ကြောင်းစာမျက်နှာပြင် ("**စာမျက်နှာပြင်**") အား မြင်တွေ့ရမည်ဖြစ်ပါသည်။

၅.၁.၄။ ပါဝင်ဆောင်ရွက်သူများသည် MPT Club မိတ်ဖက်ဆိုင်များမှ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုကို လက်ခံရရှိသည့်စာတိုပြေစာ (သို့မဟုတ်) စာမျက်နှာပြင်အားပြသ၍ သတ်မှတ်ထားသည့် လျှော့ဈေးနှုန်းထားဖြင့် ရယူခံစားနိုင်မည်ဖြစ်သည်။ စာတိုပြေစာ (သို့မဟုတ်) စာမျက်နှာပြင်အား စခရင်ဖြင့် တဆင့်ပြန်လည်ဓာတ်ပုံရိုက်ယူထားသည့် အရာများဖြင့် မိတ်ဖက်ဆိုင်များတွင် အကျိုးခံစားခွင့်ရယူနိုင်မည်မဟုတ်ပါ။

## ၆။ အကျိုးခံစားခွင့်များ

၆.၁။ အပိုဒ် (၅) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အောက်ဖော်ပြပါ MPT Club မိတ်ဖက်ဆိုင်များထံမှ ထောက်ပံ့ပေးသည့် သက်ဆိုင်ရာကုန်ပစ္စည်းတစ်ခုခု (သို့မဟုတ်) ဝန်ဆောင်မှုတစ်ခုခုအား သတ်မှတ်ထားသည့် လျှော့ဈေးနှုန်းထားဖြင့် ရရှိခံစားနိုင်မည်ဖြစ်သည်။

**ပရိုမိုးရှင်းအစီအစဥ်တွင်ပါဝင်သော MPT Club မိတ်ဖက်ဆိုင်များ**

| စဥ် | မိတ်ဖက်ဆိုင်များ | သတ်မှတ်လျှော့ဈေးနှုန်းထားများ | ပရိုမိုးရှင်းရယူနိုင်မည့်ဆိုင်လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| 1 | Aureum Palace Bagan Hotel | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | ပုဂံနန်းမြင့်မျှော်စင်အနီး၊ မင်းနန်သူရွာ၊ ညောင်ဦး၊ မန္တလေးတိုင်းဒေသကြီး။ | • အခန်းများဘိုကင်တင်ခြင်းအတွက် (၁) ကြိမ်သာ အသုံးပြုနိုင်သည်။<br>• အခန်းများကို လာမည့်တည်းခိုမည့်နေ့ထက်(၁၀)ရက် ကြိုတင်၍ ဘွတ်ကင်လုပ်ပေးရမည်။<br>• အချို့သောအားလပ်ရက်များ (Black out dates) သည် ယခုပရိုရှင်းတွင် မပါဝင်ပါ။<br>• FRC ကဒ်ကိုင်ဆောင်သူ နိုင်ငံခြားသားများသည်လည်း Local Seasonal Walkin Rate အတိုင်းခံစားခွင့်ရှိသည်။<br>• အခြား ပရိုမိုးရှင်းများနှင့် ပူးတွဲခံစားခွင့်မရှိ။ ဟိုတယ်သည် အကျိုးခံစားခွင့်များကို ကြိုတင်အသိပေးမှုမရှိဘဲ ပြင်ဆင်နိုင်ပါသည်။ |
| 2 | Aureum Palace Inle Hotel | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | မိုင်းသောက်ရွာ၊ ညောင်ရွှေမြို့ အင်းလေး၊ ရှမ်းပြည်တောင်ပိုင်း။ | |
| 3 | Aureum Palace Nay Pyi Taw Hotel | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | ရာဇသင်္ဂဟလမ်း၊ ဒက္ခိဏသီရိဟိုတယ်ဇုံ၊ ဟိုတယ်နံပါတ်(၁)၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး။ | |
| 4 | Aureum Palace Ngwe Saung Hotel | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | ငွေဆောင်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | |
| 5 | Aureum Palace Pyin Oo Lwin Hotel | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | အပိုင်း(၅)၊ Governor's Hill၊ ပြင်ဦးလွင်၊ မန္တလေး-လားရှိုးအမြန်လမ်း၊ မန္တလေးတိုင်းဒေသကြီး။ | |
| 6 | Bay Of Bengal Resort, Ngwe Saung | ဟိုတယ်အခန်းခအတွက် Seasonal Selling Rate ၏ ၁၀% လျှော့ဈေး | အမှတ် (၁)၊ ဇီးမျော်ရွာ၊ ငွေဆောင်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | • အခန်းများဘိုကင်တင်ခြင်းအတွက်သာ အသုံးပြုနိုင်သည်။ (Extra Bed, Child Breakfast, Pet Charges များအတွက် အကျုံးမဝင်ပါ) |

| | | | | |
|---|---|---|---|---|
| | | | | • ခရီးသွားကာလ ၁၇ရက် နိုဝင်ဘာလ ၂၀၂၅ မှ ၃၁ ရက် မေလ ၂၀၂၆ ရက်အတွင်း တည်းခိုရန်အတွက် အခန်းများကို ဘိုကင်တင်နိုင်သည်။<br>• Black out dateများ ( ၂၃ရက် ဒီဇင်ဘာလ ၂၀၂၅ မှ ၂ရက် ဇန်နဝါရီလ ၂၀၂၆ထိ နှင့် ၁၂ရက် ဧပြီလ ၂၀၂၆ မှ ၂၁ရက် ဧပြီလ ၂၀၂၆ ရက်များသည်) ယခုပရိုရှင်းတွင် မပါဝင်ပါ။<br>• အခြား ပရိုမိုးရှင်းများနှင့် ပူးတွဲခံစားခွင့်မရှိ။<br>• ခရီးသွားရာသီဖြစ်သောကြောင့် အခန်းအားလပ်မှုပေါ်မူတည်သည်။ |
| 7 | Coffee Lab | မီနူးအားလုံးအတွက် ၁၀% လျှော့ဈေး | 1) Kan Thar Yar Shopping Center<br>2) MICT Park<br>3)Time City<br>4)Junction Square | |
| 8 | Eliza | Complete Facial Treatmentကုသမှု အတွက် ၁၁,၀၀၀ ကျပ် လျှော့ဈေး | Eliza (Sanchaung )<br>လိပ်စာ - အမှတ် (၄၀)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။<br>Hotline - 09-444926276,09-444926275<br>Open Daily - 9:00am–8:00pm(Monday to Thursday)<br>Open Daily - 9:00am–9:00pm(Friday to Sunday)<br><br>Eliza ( Waizayantar )<br>လိပ်စာ - အမှတ် ၉၇(A)၊ ဝေဇယန္တာလမ်း၊ | |

| | | | | |
|---|---|---|---|---|
| | | | သစ္စာလမ်းနှင့်ပါရမီလမ်းကြား၊<br>တောင်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်မြို့။<br>Hotline - 09 447420811, 09 447420815<br>Open Daily - 9:00am–8:00pm(Monday to Thursday)<br>Open Daily - 9:00am–9:00pm(Friday to Sunday)<br><br>Eliza ( Mandalay )<br>လိပ်စာ - အမှတ် ၂၅၇၊ ၃၃ လမ်း (၈၃ x ၈၄)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။<br>Hotline - 09427666343,09942342116<br>Open Daily - 9:00am–8:00pm(Monday to Thursday)<br>Open Daily - 9:00am–9:00pm(Friday to Sunday)<br><br>Eliza ( Sayar san)<br>လိပ်စာ - အမှတ် ၄၂ (A) ၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။<br>Hotline - 09 441696672<br>Open Daily - 9:00am–8:00pm(Monday to Thursday)<br>Open Daily - 9:00am–9:00pm(Friday to Sunday) | |
| 9 | Espace by Aureum, Yangon | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | အမှတ် ၅၂၃၊ ပြည်လမ်း၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ | • အခန်းများဘိုကင်တင်ခြင်းအတွက် (၁) ကြိမ်သာ အသုံးပြုနိုင်သည်။<br>• အခန်းများကို လာမည့်တည်းခိုမည့်နေ့ထက်(၁၀)ရက် ကြိုတင်၍ ဘွတ်ကင်လုပ်ပေးရမည်။<br>• အချို့သောအားလပ်ရက်များ |

| | | | | |
|---|---|---|---|---|
| | | | | (Black out dates) သည် ယခုပရိုရှင်းတွင် မပါဝင်ပါ။<br>• FRC ကဒ်ကိုင်ဆောင်သူ နိုင်ငံခြားသားများသည်လည်း Local Seasonal Walkin Rate အတိုင်းခံစားခွင့်ရှိသည်။<br>• အခြား ပရိုမိုးရှင်းများနှင့် ပူးတွဲခံစားခွင့်မရှိ။ ဟိုတယ်သည် အကျိုးခံစားခွင့်များကို ကြိုတင်အသိပေးမှုမရှိဘဲ ပြင်ဆင်နိုင်ပါသည်။ |
| 10 | Hok Hok Thai Mookata | ကြိုက်နှစ်သက်ရာ Meat Set Menu ပေါ်တွင် ၁၀,၀၀၀ ကျပ်လျှော့ဈေး | No. (814), 32 Sa/Kha(Ward), over Kyaik Kit San Pagoda, infront of PUMA Fuel shop, Yadanar Road, Thingangyun Township, Yangon. | စားပွဲတစ်ဝိုင်းလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိသည်။ |
| 11 | KFC | ကြက်ကြော် ၂ တုံး + အအေး ၁ ခွက် ကို ၁၁,၀၀၀ကျပ်ဖြင့်ဝယ်ယူနိုင်ခွင့် | KFC ဆိုင်များအားလုံး | MPT4U Appတွင် MPT Club Page ၏ "Active" အောက်ရှိ လဲလှယ်မှုအောင်မြင်ကြောင်း Screen ကို KFC counter များတွင် ပြသခြင်းဖြင့် ပရိုရှင်းရယူပါ။ |
| 12 | Noodle Bowl | မေမြို့ကော်ဖီ (၁)ခွက် လက်ဆောင် | No.42 (A), Sayar San Road, Bahan Township, Yangon. | စားပွဲတစ်ဝိုင်းလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိသည်။ |
| 13 | Parami Pizza | ၅၀,၀၀၀ ကျပ်နှင့်အထက် ဝယ်ယူစားသုံးမှုအတွက် ၁၀,၀၀၀ ကျပ်လျှော့ဈေး | Corner of Parami Road, Malikha Street, Mayangone Township. 09-261767616<br>41/22, Aung Taw Mu Lane, Golden Valley, Bahan Township. 09-787985840<br>Corner of Strand Road & 42 Street, Botahtaung Township. 09-677406972 | |
| 14 | Pathein Hotel | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal | ပုသိမ်-မုံရွာလမ်း၊ ပုသိမ်။ | • အခန်းများဘိုကင်တင်ခြင်းအတွက် (၁) ကြိမ်သာ အသုံးပြုနိုင်သည်။ |

| | | | | |
|---|---|---|---|---|
| | | Selling Rate ၏ ၅% လျှော့ဈေး | | • အခန်းများကို လာမည့်တည်းခိုမည့်နေ့ထက်(၁၀)ရက် ကြိုတင်၍ ဘွတ်ကင်လုပ်ပေးရမည်။<br>• အချို့သောအားလပ်ရက်များ (Black out dates) သည် ယခုပရိုရှင်းတွင် မပါဝင်ပါ။<br>• FRC ကဒ်ကိုင်ဆောင်သူ နိုင်ငံခြားသားများသည်လည်း Local Seasonal Walkin Rate အတိုင်းခံစားခွင့်ရှိသည်။<br>• အခြား ပရိုမိုးရှင်းများနှင့် ပူးတွဲခံစားခွင့်မရှိ။ ဟိုတယ်သည် အကျိုးခံစားခွင့်များကို ကြိုတင်အသိပေးမှုမရှိဘဲ ပြင်ဆင်နိုင်ပါသည်။ |
| 15 | Popa Mountain Resort | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | ပုပ္ပားတောင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | |
| 16 | Shwe San Eain Hotel, Nay Pyi Taw | ဟိုတယ်အခန်းခနှင့် အစားအသောက်အတွက် Seasonal Selling Rate ၏ ၅% လျှော့ဈေး | တော်ဝင်ရတနာလမ်း၊ Jade Villa အမှတ် ၁၇ (က)/၁၈ (က)၊ နိုင်ငံတော်အဆင့် ဧည့်သည်တော်ဟိုတယ်ဇုန်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။ | |
| 17 | The Alley Myanmar | သတ်မှတ်မီနူးများအတွက် တစ်ခွက်ဝယ် တစ်ခွက်လက်ဆောင်<br>(Passion Lemon Green Tea,<br>Mango Lemon Green Tea,<br>Beaten Lemon,<br>Snow strawberry lulu,<br>Matcha frappe) | 3d Foor, Myanmar Plaza, 979888988 | သတ်မှတ်သောက်စရာမီနူးများအတွက်သာ |
| 18 | Union Bar & Grill | ၅၀,၀၀၀ ကျပ်နှင့်အထက် ဝယ်ယူစားသုံးမှုအတွက် ၁၀,၀၀၀ ကျပ်လျှော့ဈေး | Corner of Strand Road & 42 Street, Botahtaung Township. 09757521556+I9:J10 | |

**မှတ်ချက်။**   ။ ဤပရိုမိုးရှင်းအစီအစဥ်တွင် ပါဝင်ဆောင်ရွက်သူများ အနေဖြင့် မိတ်ဖက်ပရိုမိုးရှင်းအစီအစဥ်တွင် ပါဝင်သောMPT Club မိတ်ဖက်ဆိုင်များတွင် လတ်တလောပေးလျက် ရှိသည့် အခြားသော ပရိုမိုးရှင်းတစ်ခုခုကို ထပ်မံ၍ အကျိုးခံစားခွင့် ရရှိမည်မဟုတ်ပါ။

ပါဝင်ဆောင်ရွက်သူများသည် ပရိုမိုးရှင်းအစီအစဥ်သက်တမ်းကာလအတွင်း သတ်မှတ်ထားသော MPT Club မိတ်ဖက်ဆိုင်များမှ တစ်ကြိမ်ဝယ်ယူခြင်းအတွက် ထုတ်ပေးသည့်ဘောက်ချာတစ်ခုအတွက်သာ လက်ခံရရှိထားသည့်စာတိုပြေစာ (သို့မဟုတ်) စာမျက်နှာပြင်တစ်ခုကို အသုံးပြုနိုင်မည်ဖြစ်သည်။

၆.၂။ ပါဝင်ဆောင်ရွက်မည့်သူတစ်ဦးအနေဖြင့် ပရိုမိုးရှင်းအစီအစဥ်တွင်ပါဝင်သော MPT Club မိတ်ဖက်ဆိုင်များ မှထောက်ပံ့ပေးသည့် သက်ဆိုင်ရာကုန်ပစ္စည်းများ (သို့မဟုတ်) ဝန်ဆောင်မှုများနှင့်စပ်လျဥ်းသည့် အကျိုးခံစား ခွင့်အား အပိုဒ် (၅) ပါ သတ်မှတ်ချက်များနှင့်အညီ လုံလောက်သောပွိုင့်လက်ကျန်ရှိနေသရွေ့ ပရိုမိုးရှင်းအစီအစဥ် သက်တမ်းကာလအတွင်း အကြိမ်ကြိမ်ရယူခံစားနိုင်မည်ဖြစ်သည်။

၆.၃။ ဤပရိုမိုးရှင်းအစီအစဥ်အတွက် ရရှိလာသည့်အကျိုးခံစားခွင့်အား ပွိုင့်ဖြင့် လဲလှယ်ခုနှိမ်ရယူပြီးနောက် (၇) ရက်အတွင်း အသုံးမပြုပါက အလိုအလျောက်သက်တမ်းကုန်ဆုံးသွားမည်ဖြစ်သည်။

**၇။ အပိုထပ်ဆောင်းအကျိုးခံစားခွင့်**

၇.၁။ ဤပရိုမိုးရှင်းအစီအစဥ်အရ လဲလှယ်ခုနှိမ်မှုပြုလုပ်သည့် ပါဝင်ဆောင်ရွက်သူများ (နှင့်/သို့မဟုတ်) MPT Club မိတ်ဖက်ဆိုင်များတွင် လျှော့စျေးအကျိုးခံစားခွင့်အား ရယူခံစားခဲ့ကြသည့် ပါဝင်ဆောင်ရွက်သူများသည် အပိုဒ် (၆) တွင်ဖော်ပြပါရှိသည့်အကျိုးခံစားခွင့်များအပြင် အောက်ဖော်ပြပါဇယားတွင် သတ်မှတ်ထားသည့် ကံထူးရှင်အရေ အတွက်ပေါ်မူတည်၍ ထပ်ဆောင်းအကျိုးခံစားခွင့်အဖြစ် ဒေတာပမာဏ 11 GB (“**ဒေတာဆုလက်ဆောင်**”) အထိ ကံထူးနိုင်မည့် အခွင့်အရေးတစ်ရပ်ကို လက်ခံရရှိမည်ဖြစ်သည်။ (မှတ်ချက်။ မိတ်ဖက်ဆိုင်များတွင် လျှော့စျေး အကျိုးခံစားခွင့်အား ရယူခံစားခဲ့ကြသည့် ပါဝင်ဆောင်ရွက်သူများသည် လဲလှယ်ခုနှိမ်မှုပြုလုပ်သည့် ပါဝင်ဆောင် ရွက်သူများထက် ဒေတာဆုလက်ဆောင်အား ကံထူးနိုင်သည့်အခွင့်အရေးပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

| ဒေတာဆုလက်ဆောင် | ကံထူးရှင်အရေအတွက် |
|---|---|
| 11 GB | (၁၁) ဦး |
| 1111 MB | (၁၈၉၃) ဦး |

၇.၂။ ဒေတာဆုလက်ဆောင်အား လက်ခံရရှိပြီး (၇) ရက်အတွင် အသုံးပြုခြင်းမရှိပါက အလိုအလျောက် သက်တမ်း ကုန်ဆုံးသွားမည်ဖြစ်သည်။

၇.၃။ အကျိုးခံစားခွင့်ဒေတာဆုလက်ဆောင်များအတွက် ကံထူးရှင်များအား ကျပန်းအနေဖြင့် ရွေးချယ်ကာ အပိုဒ် ၇.၁ နှင့်အညီ ပရိုမိုးရှင်းအစီအစဥ်သက်တမ်းကာလကုန်ဆုံးပြီးနောက် (၂) ပတ်အတွင်း စာတိုပေးပို့အကြောင်းကြားခြင်းဖြင့် ပေးအပ်သွားမည်ဖြစ်ပါသည်။

**၈။ ရရှိသည့်အကျိုးခံစားခွင့်အား အသုံးပြုခြင်း**

၈.၁။ အကျိုးခံစားခွင့်များအားလုံးအား ဖော်ပြထားသည့်အတိုင်း ရယူရမည်ဖြစ်ပြီး ဆုအား အသုံးပြုနိုင်ခြင်းမရှိသည့် ပါဝင်လုပ်ဆောင်မည့်သူများအတွက် မည်သည့်နစ်နာကြေးကိုမျှ ပေးချေပေးသွားမည် မဟုတ်ပါ။

၈.၂။ အကျိုးခံစားခွင့်များအားလုံးအား တစ်ခုခုဖြင့် လဲလှယ်ယူ၍မရပါ၊ လွှဲပြောင်းပေး၍မရပါ၊ နောက်လူတစ်ဦးသို့ ထပ်မံလွှဲပြောင်း၍မရပါ၊ အစားပြန်လည်ပေးမည်မဟုတ်ပါ။ ငွေသားဖြင့် လဲလှယ်ပေးသွားမည်မဟုတ်ပါ။

၈.၃။ အပိုဒ် ၆ နှင့် ၇ တွင် ဖော်ပြထားသည့်အရာများမှလွဲ၍ အခြားသောကုန်ကျစရိတ်များ/အခွန်အခများအား ပါဝင်လုပ်ဆောင်မည့်သူများမှ အလုံးစုံကျခံရမည်။

၈.၄။ ဤပရိုမိုးရှင်းနှင့်သက်ဆိုင်သည့် MPT ၏ဆုံးဖြတ်ချက်သည် မည်သည့်အခြေအနေတွင်မဆို နောက်ဆုံးပိတ်အတည်ဖြစ်သည်ဟုယူဆရမည်။ နောက်ထပ်အသနားခံခြင်း၊ စုံစမ်းခြင်း (နှင့်/သို့မဟုတ်) အဆက်အသွယ်လုပ်ခြင်းတို့အား လက်သင့်ခံမည်မဟုတ်ပါ။

**၉။ ပါဝင်လုပ်ဆောင်မည့်သူများနှင့်စပ်လျဥ်း၍ အရည်အချင်းပျက်ယွင်းမှု**

၉.၁။ MPT အနေဖြင့် ပါဝင်သူတစ်ဦးအား သာမန်မဟုတ်သော (သို့မဟုတ်) သံသယဖြစ်ဖွယ်ရှိသော လုပ်ဆောင်မှုများ အား/နှင့် လုပ်ဆောင်သည် (သို့မဟုတ်) ဆက်စပ်မှုရှိနေသည်ဟု သံသယရှိပါက ကြိုတင်အသိပေးအကြောင်းကြားမရှိဘဲ နှင့်သော်လည်းကောင်း၊ အကြောင်းပြချက်တစ်စုံတစ်ရာပေးခြင်း မရှိဘဲနှင့်သော်လည်းကောင်း အရည်အချင်းပျက်ယွင်း သူအဖြစ် သတ်မှတ်နိုင်သည်။

၉.၂။ MPT အနေဖြင့် MPT Club အဖွဲ့ဝင်တစ်ဦးသည် ဤပရိုမိုးရှင်းအစီအစဥ်ပါ စည်းကမ်းချက်များအား ချိုးဖောက်သည် (နှင့်/သို့မဟုတ်) တလွဲအသုံးချသည်ဟု ကြောင်းကျိုးလျော်ညီစွာ ဆုံးဖြတ်ပါက စာဖြင့်ရေးသားထားသည့် အသိပေးအကြောင်းကြားစာအားကြိုတင်ပေးပို့၍ အဆိုပါကဲ့သို့ ချိုးဖောက်ခြင်း (သို့မဟုတ်) တလွဲအသုံးချခြင်းကြောင့် ဖြစ်ပေါ်လာသည့်ထိခိုက်မှုအား လျော့ချနိုင်ရန် အဆိုပါအဖွဲ့ဝင်၏ အကောင့်မှပွိုင့်များအား သင့်တော်သလို နုတ်ယူခြင်း (သို့မဟုတ်) ပေါင်းထည့်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

**၁၀။ ဈေးကွက် နှင့် ပရိုမိုးရှင်း**

ပရိုမိုးရှင်းအစီအစဥ်တွင် ပါဝင်သူများအနေဖြင့် ပရိုမိုးရှင်း၊ ဈေးကွက်၊ ကြော်ငြာ၊ MPT ၏ ထုတ်ကုန်များ (သို့မဟုတ်) ဝန်ဆောင်မှုများအား အရောင်းမြှင့်တင်ခြင်းတို့နှင့်စပ်လျဥ်း၍ လိုအပ်သော (သို့မဟုတ်) ပရိုမိုးရှင်းနှင့်

သက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အဆိုပါ ပါဝင်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များ (ပါဝင်သူတို့၏ ဗွီဒီယိုများ သို့မဟုတ်/နှင့် ဓာတ်ပုံများအပါအဝင်) အား MPT မှ ကောက်ယူခွင့်၊ အသုံးပြုခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဝေမျှခွင့်ပေးခြင်း၊ MPT မှ အသိအမှတ်ပြုထားသည့် ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာတတိယလူပုဂ္ဂိုလ်များအား အဆိုပါအချက်အလက်များကို ထုတ်ဖော်ပြောဆိုခွင့်ပြုရန် သဘောတူညီရမည်။

**၁၁။ အာမခံအကာအကွယ်ပေးမှု**

လူကြီးမင်းအနေဖြင့် (၁) ဤပရိုမိုးရှင်းအစီအစဥ်အား အသုံးပြုခြင်းနှင့် ဝင်ရောက်ခြင်း (သတင်းအချက်အလက်များ (သို့မဟုတ်) ပေးပို့လွှဲပြောင်းပေးပို့သော (သို့မဟုတ်) လက်ခံရရှိသော အရာများအပါအဝင်)၊ (၂) ဤစည်းကမ်းချက်များပါ ပြဌာန်းချက်တစ်ရပ်ရပ်အား ချိုးဖောက်ခြင်း (ကိုယ်စားပြုခြင်းများနှင့် အာမခံခြင်းများနှင့်စပ်လျဥ်း၍ လူကြီးမင်း၏ ချိုးဖောက်မှုတစ်ရပ်ရပ်အပါအဝင်)၊ (၃) တတိယလူပုဂ္ဂိုလ်တစ်ဦးဦးနှင့်စပ်လျဥ်း၍ ဖောက်ဖျက်ကျူးလွန်ခြင်း (မူဝါဒ ဆိုင်ရာအခွင့်အရေး၊ လူအများနှင့်သက်ဆိုင်သည့် အခွင့်အရေးများ (သို့မဟုတ်) အသိဉာဏဆိုင်ရာ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဥ်းသည့်အခွင့်အရေးများအပါအဝင်)၊ (၄) မြန်မာနိုင်ငံ (သို့မဟုတ်) အခြားတိုင်းပြည်တစ်ခုခု၏ ဥပဒေ၊ စည်းမျဥ်း (သို့မဟုတ်) လုပ်ထုံးလုပ်နည်းတစ်ခုခုအား ချိုးဖောက်ခြင်း၊ (၅) ပရိုမိုးရှင်းအစီအစဥ်မှတဆင့် ပေးပို့သော (သို့မဟုတ်) လက်ခံရရှိသော သတင်းအချက်အလက်တစ်ခုခု၏ အကျိုးဆက်မှ ဖြစ်ပေါ်လာသည့် တောင်းဆိုမှု (သို့မဟုတ်) နစ်နာမှုများ၊ သို့မဟုတ် (၆) လူကြီးမင်း၏ (မှတ်ပုံတင်ထားသော (သို့) မှတ်ပုံတင်ထားခြင်းမရှိသော) ဖုန်းနံပါတ်မှတဆင့် ဤပရိုမိုးရှင်းအစီအစဥ်အား အခြားသူတစ်ဦးဦး၏ ဝင်ရောက်အသုံးပြုမှု စသည်တို့မှ ပေါ်ပေါက်လာသော တောင်းဆိုမှုများ၊ နစ်နာမှုများ၊ တာဝန်ရှိမှုများ၊ ဆုံးရှုံးမှုများ၊ တာဝန်ဝတ္တရားများ၊ ကုန်ကျစရိတ်များ (သို့မဟုတ်) ကြွေးမြီများနှင့် အသုံးစရိတ်များ (ရှေ့နေခများ အပါအဝင်) နှင့်စပ်လျဥ်း၍ MPT နှင့် MPT ၏ လက်အောက်ခံများ၊ အကျိုးတူပူးပေါင်း လုပ်ဆောင်သည့်မိတ်ဖက်၊ ကိုယ်စားလှယ်များ၊ မန်နေဂျာများနှင့် အခြားသောအုပ်စုအဖွဲ့ဝင်ကုမ္ပဏီများနှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ကိုယ်စားလှယ်များ၊ အရာရှိများနှင့် ဒါရိုက်တာများအား ထိခိုက်မှုမရှိအောင် အကာအကွယ်ပေးရန် သဘောတူညီရမည်။

**၁၂။ အာမခံမှုများနှင့်စပ်လျဥ်း၍ မသက်ဆိုင်ကြောင်းရှင်းလင်းခြင်း နှင့် တာဝန်ရှိမှုအားကန့်သတ်ခြင်း**

၁၂.၁။ ဤပရိုမိုးရှင်းအစီအစဥ်နှင့် ဤအစီအစဥ်တွင်ပါဝင်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ်များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသောနည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့်အရာများအား အရှိအတိုင်းနှင့် ရရှိနိုင်သည့်ပုံစံအတိုင်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ MPT အနေဖြင့် ပရိုမိုးရှင်းဆောင်ရွက်ခြင်း (သို့မဟုတ်) သတင်းအချက်အလက်များ (သတင်း အချက်အလက်များ၏ တိကျသေချာမှု၊ ပါဝင်သည့်အရာ၊ အကြောင်းအရာ၊ ထုတ်ကုန်များ (ဆော့ဝဲများအပါအဝင်) (သို့မဟုတ်) ပရိုမိုးရှင်းအစီအစဥ်မှတဆင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့် အရာများနှင့်စပ်လျဥ်း၍ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သို့သော

ကိုယ်စားပြုခြင်း (သို့မဟုတ်) အာမခံခြင်းမျိုးမျှ ပြုလုပ်မည်မဟုတ်ပါ။ လူကြီးမင်းအနေဖြင့် ဤပရိုမိုးရှင်း အစီအစဉ်အား အသုံးပြုခြင်းသည် လူကြီးမင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သုံးခြင်းဖြစ်ကြောင်း အတိအလင်း သဘောတူညီထားပြီးဖြစ်ပါသည်။

၁၂.၂။ ပရိုမိုးရှင်းအစီအစဉ်အား အသုံးပြုခြင်း၊ (သို့မဟုတ်) ဤအစီအစဉ်တွင်ပါဝင်သည့် သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ်များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသောနည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင်ပြုလုပ်ပေးထားသည့်အရာများ (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ဆိုင်၍ဖြစ်စေ၊ ပြစ်ဒဏ်ပေးခြင်းကြောင့်ဖြစ်စေ၊ အကျိုးဆက်တစ်ခုခုကြောင့်ဖြစ်စေ ရရှိသည့် နစ်နာမှုများအပါအဝင်) မှပေါ်ပေါက်လာသည့် နစ်နာမှုများအားလုံးအတွက် MPT အနေဖြင့် တာဝန်ရှိမည် မဟုတ်ပါ။

၁၂.၃။ ပရိုမိုးရှင်းအစီအစဉ်တွင်ပါဝင်ခြင်းအားဖြင့် ပရိုမိုးရှင်းနှင့်စပ်လျဥ်း၍ တိုက်ရိုက် (သို့မဟုတ်) အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ နစ်နာမှုများ (သို့မဟုတ်) တာဝန်ရှိမှုများနှင့် နောက်ဆက်တွဲကိစ္စရပ်များကြောင့် ပေါ်ပေါက်လာသည့် တောင်းဆိုမှုများ၊ လိုအပ်ချက်များ၊ အခွင့်အရေးများ၊ အခြားသော သဘောသဘာဝအရဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် MPT အား အဆိုပါကဲ့သို့ဖြစ်နိုင်ချေရှိသည်များအား အကြံပြုခဲ့ ခြင်းရှိခဲ့လျှင်သော်တောင်မှ (ဆုအားအသုံးပြုခြင်းမှပေါ်ပေါက်လာသော သို့မဟုတ် ဆုအားအသုံးပြုခြင်း နှင့်သက်ဆိုင်သည့် ပါဝင်ဆောင်ရွက်နေစဉ်အတွင်း လူတစ်ဦးတစ်ယောက်အား ထိခိုက်မှု (သို့မဟုတ်) ပစ္စည်း တစ်ခုခုပေါ်တွင် ဖြစ်ပေါ်စေသည့်ထိခိုက်နစ်နာမှုတို့အပါအဝင်) တာဝန်ရှိမှုမှကင်းလွတ်ခွင့်ပြုပြီး အာမခံပေးလျော် မည်ဖြစ်ကြောင်း လူကြီးမင်းမှ သဘောတူညီပါသည်။

၁၂.၄။ သက်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် အဆုံးစွန်ဆုံးအတိုင်းအတာအထိ အတိအလင်း (သို့မဟုတ်) သွယ်ဝိုက်၍ ဖြစ်သောအာမခံမှုများအားလုံး (သီးခြားရည်ရွယ်ချက်တစ်ခုအတွက် ကုန်သွယ်နိုင်မှု၊ ကြံ့ခိုင်မှုတို့နှင့် စပ်လျဥ်းသည့် တိုက်ရိုက်မဟုတ်သည့် အာမခံမှုများအပါအဝင်) တို့သည် MPT နှင့်သက်ဆိုင်ခြင်းမရှိကြောင်း ငြင်းဆိုပါသည်။

၁၂.၅။ ဤအစီအစဉ်တွင်ပါဝင်သည့် အရောင်းမြှင့်တင်မှုများ၊ သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် ကုန်ပစ္စည်းများ (ဆော့ဝဲလ် များအပါအဝင်)၊ အခြားသောဝန်ဆောင်မှုများ (သို့မဟုတ်) အခြားသော နည်းလမ်းဖြင့် လူကြီးမင်းအား ရရှိနိုင်အောင် ပြုလုပ်ပေးထားသည့်အရာများ၊ MPT ၏ ဆာဗာများ (သို့မဟုတ်) MPT မှ ပေးပို့သည့် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများအားလုံးတို့သည် ဗိုင်းရပ်စ်များကင်းဝေးပါသည် (သို့မဟုတ်) အန္တရာယ်ဖြစ်စေနိုင်သောအရာများပါဝင်ခြင်းမရှိပါဟု MPT မှ အာမခံမည်မဟုတ်ပါ။

## ၁၃။ တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှု

ဤပရိုမိုးရှင်းအစီအစဉ်တွင် တတိယလူပုဂ္ဂိုလ်တို့ထံမှရရှိသော (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့မှ ထောက်ပံ့ပေးသည့် အကြောင်းအရာများ (“**တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများ**”) စုပေါင်းပါဝင်နိုင်ပါသည်။

ထို့ကြောင့် အဆိုပါတတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများ (သို့မဟုတ်) တတိယလူပုဂ္ဂိုလ်တို့၏ ပါဝင်ဆောင်ရွက်မှုများနှင့်ဆက်စပ်နေသည့် လင့်ခ်ချထားသော ဝက်ဘ်ဆိုက်များနှင့်စပ်လျဉ်း၍ MPT ၌ တာဝန်ရှိမည်မဟုတ်ပါ။ တတိယလူပုဂ္ဂိုလ် တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ထုတ်ကုန်များ (သို့မဟုတ်) ဝန်ဆောင်မှုများအား MPT မှ တဆင့်ထောက်ခံချက်ပေးခြင်း၊ အာမခံပေးခြင်း (သို့မဟုတ်) အကြံပြုထောက်ခံချက်ပေးခြင်းဖြစ်သည်ဟု မှတ်ယူခြင်း (သို့မဟုတ်) အဓိပ္ပာယ်သက်ရောက်စေခြင်းမရှိစေရ။

**၁၄။ အထွေထွေ**

၁၄.၁။ တတိယလူပုဂ္ဂိုလ်တို့နှင့်စပ်လျဥ်းသည့် စည်းကမ်းချက်များသည် ရရှိမည့်ဆုများပေါ်၌ သင့်လျော်သလို သက်ဆိုင်မှုရှိစေရမည်။

၁၄.၂။ ဤစည်းကမ်းချက်များသည် https://mpt.com.mm/mm/mpt-club-mm/ တွင် တွေ့ရှိနိုင်သည့် MPT Club ၏ အထူးသီးသန့်စည်းကမ်းသတ်မှတ်ချက်များ (“**MPT Club STC**”) နှင့် https://mpt.com.mm/mm/about-home-mm/terms-and-conditions-mm/ တွင် တွေ့ရှိနိုင်သည့် MPT ၏ နောက်ဆုံး ပြင်ဆင်ထားသည့် အထွေထွေစည်းကမ်းသတ်မှတ်ချက်များ (“**GTC**”) နှင့်အညီဖြစ်ရမည်။ ဤစည်းကမ်းချက်များ၊ MPT Club STC နှင့် GTC တို့အကြား ကွဲလွဲမှုတစ်စုံတစ်ရာရှိပါက အငြင်းပွားကွဲလွဲမှုအား အောက်ပါအစီအစဥ် အတိုင်း ဖြေရှင်းဆောင်ရွက်ရမည်။ (၁) ဤစည်းကမ်းချက်များ၊ (၂) MPT Club STC ၊ (၃) GTC ။

၁၃.၃။ ဤစည်းကမ်းချက်များသည် မြန်မာနိုင်ငံ၏ဥပဒေများ၊ တရားရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း တစ်ခုခုမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ (သို့မဟုတ်) အမိန့်များ နှင့်အညီဖြစ်ရမည်။

၁၄.၄။ စည်းကမ်းချက်၊ သဘောတူညီမှု (သို့မဟုတ်) ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာ တရားရုံးတစ်ရုံးရုံး (သို့မဟုတ်) စီရင်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ တရားမဝင်ဖြစ်ခြင်း၊ အကျိုးဝင်သက်ဆိုင်မှုမရှိတော့ခြင်း (သို့မဟုတ်) အကောင်အထည် ဖော်ဆောင်၍မရနိုင်တော့ခြင်းဖြစ်လာခဲ့ပါက ဤစည်းကမ်းချက်များပါ ကျန်ရှိသည့်ပြဋ္ဌာန်းချက် (သို့မဟုတ်) လူတစ်ဦးတစ်ယောက်နှင့်သက်ဆိုင်သည့် အဆိုပါ စည်းကမ်းချက်၊ သဘောတူညီမှု (သို့မဟုတ်) ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အသုံးချမှု (အကျိုးဝင်သက်ဆိုင် တော့ခြင်းမရှိသည့် သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည့် သူများအပေါ်တွင်မှတပါး) အား ထိခိုက်မှုမရှိစေရ။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ခုစီတိုင်းသည် ဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် အဆုံးစွန်ဆုံးအတိုင်းအတာအထိ အကျိုးဝင်သက်ဆိုင်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။

၁၄.၅။ ဤစည်းကမ်းချက်များ၏ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာပြန်ဆိုမှုတို့အကြား ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာရှိပါက မြန်မာဘာသာပြန်ဆိုမှုများကသာလျှင် လွှမ်းမိုးအတည်ဖြစ်စေရမည်။